၁၇-၈-၂၀၂၆

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

## ငွေတိုက်ဦးစီးဌာန

### ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ငွေတိုက်ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ စာရင်းကိုင်-၄ ရာထူးများနေရာအတွက် ယှဉ်တွဲဖော်ပြပါ အရည်အချင်း သတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး/လစာနှုန်း (ကျပ်) | ခန့်ထားမည့် နေရာ | အနိမ့်ဆုံး ရှိရမည့် ပညာအရည်အချင်း/ သတ်မှတ်ချက် |
|---|---|---|---|
| (က) | စာရင်းကိုင်-၄ (ကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | (၅) နေရာ | တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ |

၂။ လျှောက်ထားသူများသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်သူ ဖြစ်ရမည်။

(ဃ) လျှောက်ထားသူသည် ၁၇-၈-၂၀၂၆ ရက်နေ့တွင် အသက် (၂၅) နှစ် အထက် မကျော်လွန်သူ၊ ဘွဲ့ရရှိသူဖြစ်ပါက ၁၇-၈-၂၀၂၆ ရက်နေ့တွင် အသက် (၂၇) နှစ် အထက် မကျော်လွန်သူ ဖြစ်ရမည်။ **ပြည်သူ့စစ်မှုထမ်းတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ပြီး ပုံစံ (၁၂) ရရှိပြီးသူများသည် သတ်မှတ်ချက်များနှင့် ကိုက်ညီပါက ဌာနမှ သတ်မှတ်အသက်ထက် (၃) နှစ် တိုးမြှင့်၍ လက်ခံပေးမည် ဖြစ်ပါသည်။**

(င) ဝန်ထမ်းအဖြစ် ခန့်အပ်ခြင်း ခံရပါက ဌာနတွင် အနည်းဆုံး (၅) နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိလက်မှတ် ရေးထိုးနိုင်ရမည်။

(စ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း (Dismissal) ၊ ရာထူးမှ ထုတ်ပယ်ခြင်း (Removal) ၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာ ပယ်ဖျက်ခံရသူများ၊ ဝန်ထမ်းအဖြစ်မှ နုတ်ထွက်ခဲ့သူများ၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နေသူများ လျှောက်ထားခွင့် မရှိပါ။

(ဆ) ကွန်ပျူတာအခြေခံကျွမ်းကျင်သူ ဖြစ်ရမည်။

၃။ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့်သာ လျှောက်ထားရမည်ဖြစ်ပြီး လျှောက်လွှာပုံစံအား Myanmar National Portal: www.myanmar.gov.mm ၊ ဝန်ကြီးဌာန၏ Website: www.mofr.gov.mm ၊ ဌာန၏ Website: www.treasury.gov.mm နှင့် ဌာန၏ Facebook Page (Treasury Department) တို့တွင် download ရယူ၍လည်းကောင်း၊ ငွေတိုက်ဦးစီးဌာန၊ ရုံးအမှတ် (၃၄) တွင် အခမဲ့လာ ရောက်ထုတ်ယူ၍လည်းကောင်း လျှောက်လွှာပါ အချက်အလက်များအား ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်လျှောက်ထားရမည် ဖြစ်ပါသည်။

၄။ လျှောက်ထားသူများသည် လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထားများ ပူးတွဲတင်ပြရမည်-

(က) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်း အောင်လက်မှတ် မိတ္တူ (မိတ္တူမှန် ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန် ၊ စာမေးပွဲ ဖြေဆိုသည့်အခါ မူရင်းတင်ပြရန်) ၊

(ခ) ဘွဲ့ရရှိသူဖြစ်ပါက ဘွဲ့လက်မှတ်မိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်၊ စာမေးပွဲ ဖြေဆိုသည့်အခါ ဘွဲ့လက်မှတ်မူရင်း တင်ပြရန်)

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ (စာမေးပွဲ ဖြေဆိုသည့် အခါ မူရင်း တင်ပြရန်)

(ဃ) အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ ၊

(င) လိပ်စာဖော်ပြပါ ဒေသတွင် အမှန်တကယ်နေထိုင်ကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံစာမူရင်း (၁ လအတွင်း) ၊

(စ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ရဲစခန်း၏ ထောက်ခံစာ မူရင်း (၁ လအတွင်း) ၊

(ဆ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁) လအတွင်း ရိုက်ကူးထားသော (၁"x၁.၅") နောက်ခံအပြာရောင်၊ ရောင်စုံလိုင်စင် ဓာတ်ပုံ (၃) ပုံ (နောက်ကျောတွင် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ဖော်ပြရန်)၊

(ဇ) သက်တမ်းရှိသော အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ (ဖြေဆိုခွင့်ကတ်ပြား ထုတ်ယူချိန်တွင် မူရင်းတင်ပြရန်)၊

(ဈ) ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ဆရာဝန်၏ (၁) လအတွင်း ဆေးစစ်ထောက်ခံချက်မူရင်း ။

၅။ လျှောက်လွှာများကို "ညွှန်ကြားရေးမှူးချုပ်၊ ငွေတိုက်ဦးစီးဌာန၊ရုံးအမှတ်(၃၄)၊ နေပြည်တော်" သို့ လိပ်မူပြီး လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှ မှတ်ပုံတင်၍သော်လည်းကောင်း ငွေတိုက်ဦးစီးဌာနသို့ ၁၅-၉-၂၀၂၆ ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားရမည်။ လျှောက်လွှာ ပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများ၊ အချက်အလက်မပြည့်စုံသော လျှောက်လွှာများ၊ သတ်မှတ်အရည်အချင်းနှင့် မကိုက်ညီသူများကို လက်ခံထည့်သွင်းစဉ်းစား မည် မဟုတ်ပါ။

၆။ ဖြေဆိုခွင့် ရရှိသူများ၏ အမည်စာရင်း၊ ခုံအမှတ်၊ ဖြေဆိုမည့်နေ့ရက်နှင့် နေရာများကို Myanmar National Portal: www.myanmar.gov.mm ၊ ဝန်ကြီးဌာန၏ Website: www.mofr.gov.mm ၊ ဌာန၏ Website: www.treasury.gov.mm နှင့် ဌာန၏ Facebook Page (Treasury Department) တို့တွင် ထပ်မံကြေညာပေးမည် ဖြစ်ပါသည်။

၇။ လျှောက်ထားသူများအား ရေးဖြေစာမေးပွဲ စစ်ဆေးမည်ဖြစ်ပြီး မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတနှင့် ကွန်ပျူတာကျွမ်းကျင်မှုများကို ဖြေဆိုရမည်ဖြစ်ပါသည်။ ရေးဖြေ စာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

၈။ အသေးစိတ် သိရှိလိုပါက ငွေတိုက်ဦးစီးဌာန၊ ရုံးအမှတ်(၃၄)၊ နေပြည်တော်၊ ဖုန်းအမှတ် ၀၆၇-၃၄၁၀၁၆၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ငွေတိုက်ဦးစီးဌာန